ပုံစံ (၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၈၂/၂၀၁၉ ၂၀၁၉ ခုနှစ် ဩဂုတ်လ 15 ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ-၂၅ (ဂ) အရ ဤခွင့်ပြုမိန့်ကိုထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. SEONG JOON, PARK

(၂) နိုင်ငံသား KOREAN

(၃) နေရပ်လိပ်စာ 319-2,GEUMIL-RO, GEUMWANG-EUP, EUMSEONG-GUN, CHUNGCHEONGBUK-DO, REPUBLIC OF KOREA

(၄) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ U-WON INC, 319-2 , GEUMIL-RO, GEUMWANG-EUP, EUMSEONG-GUN, CHUNGCHEONGBUK-DO, REPUBLIC OF KOREA

(၅) ဖွဲ့စည်းရာအရပ် REPUBLIC OF KOREA

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့်နှစ်ခန်းကန့်တိုင်ကီနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ်-၃၇၊ ပြည်တွင်းစက်မှုဇုန်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(၈) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁.၂၆၅ သန်း

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ (၁) နှစ် အတွင်း

(၁၀) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁.၂၆၅သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ

(၁၁) တည်ဆောက်မှုကာလ ၁ နှစ်

(၁၂) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း ၁၀ နှစ်

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် U-WON TANK MYANMAR COMPANY LIMITED

Thaung Tun

(သောင်းထွန်း)

ဥက္ကဋ္ဌ

Form (3)

P000124

THE REPUBLIC OF THE UNION OF MYANMAR

Myanmar Investment Commission

PERMIT

Permit No. 182/2019 Dated 15 August 2019

This permit is issued by the Myanmar Investment Commission in accordance with Section 25 (c) of the Myanmar Investment Law.

(1) Investor Name MR. SEONG JOON, PARK

(2) Citizenship KOREAN

(3) Residential Address 319-2 GEUMIL-RO, GEUMWANG-EUP,EUMSEONG-GUN, CHUNGCHEONGBUK-DO, REPUBLIC OF KOREA

(4) Name and Address of Principal Organization U-WON INC, 319-2 GEUMIL-RO,GEUMWANG-EUP, EUMSEONG-GUN, CHUNGCHEONGBUK-DO, REPUBLIC OF KOREA

(5) Place of Incorporation REPUBLIC OF KOREA

(6) Type of Business MANUFACTURING, INSTALLATION AND SALES OF DOUBLE WALL TANK AND RELATED COMPONENTS

(7) Place(s) of Investment Project PLOT NO. 37, LOCAL INDUSTRIAL ZONE, BAGO TOWNSHIP, BAGO REGION

(8) Foreign Capital Amount US$ 1.265 MILLION

(9) Period for Foreign Capital to be brought in WITHIN ONE YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(10) Total Amount of Capital (Kyat) EQUIVALENT IN KYAT OF US$ 1.265 MILLION

(11) Construction/Preparation Period 1 YEAR

(12) Validity of Permit 10 YEARS

(13) Form of Investment WHOLLY FOREIGN OWNED

(14) Name of Company Incorporated in Myanmar U-WON TANK MYANMAR COMPANY LIMITED

Myanmar Investment Commission

Thaung Tun

(Thaung Tun)

Chairperson

Republic of the Union of Myanmar
Sr. No. ....
Date ....
Myanmar Investment Commission

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Our ref: MIC-3/P-053/2019(143)
Dated : 15 August 2019

Subject: **Decision of the Myanmar Investment Commission regarding a Permit for manufacturing, installation and sales of double wall tank and related components under the name of U-Won Tank Myanmar Company Limited**

Reference: U-Won Tank Myanmar Company Limited's Letter dated 31/05/2019

1. The Myanmar Investment Commission, at its 13/2019 meeting held on 13/08/2019, approved the Permit for investment for manufacturing, installation and sales of double wall tank and related components under the name of U-Won Tank Myanmar Company Limited submitted by U-Won Inc. (100 %) from the Republic of Korea as a wholly foreign owned investment in accordance with the Myanmar Investment Law and Rules.

2. The terms and conditions of the Permit are as follows:

(a) The term of the permitted project shall be ten (10) years commencing from the date of the issuance of the Permit by the Myanmar Investment Commission.

(b) The term of the Land Lease Agreement shall be ten (10) years commencing from the date of the agreement between The One International Limited and U-Won Tank Myanmar Company Limited (Lessee).

(c) The annual rent for land shall be US$ 42,000 (United States Dollar forty-two thousand only) for the total area of the land measuring 8093.72 square metres (2 acres) out of 4.50 acres.

(d) U-Won Tank Myanmar Company Limited may submit an application form for the right to use land under Chapter XII and exemptions

and reliefs under Sections 75, 77 and 78 of Chapter XVIII of the Myanmar Investment Law.

(e) U-Won Tank Myanmar Company Limited shall use its best efforts to achieve a timely realization of the work stated in the Permit application.

(f) U-Won Tank Myanmar Company Limited shall obey and respect the responsibilities of investors under Section 65 of the Myanmar Investment Law and Chapter XX of the Myanmar Investment Rules.

(g) U-Won Tank Myanmar Company Limited shall carry out of prevention, mitigation and monitoring of significant environmental impacts according to the type of investment activities in accordance with the relevant laws, rules, regulations and procedures.

(h) U-Won Tank Myanmar Company Limited shall abide by the Fire Services Department's rules, regulations, directives and instructions. Moreover, U-Won Tank Myanmar Company Limited shall undertake fire prevention measures such as the appropriate placement of water storage tank, fire hooks, sand bags, and fire extinguishers, and training will be provided to all employees regarding the use of fire fighting equipment. U-Won Tank Myanmar Company Limited shall also appoint a specific individual who shall be called the Fire Safety Officer (FSO) who shall be designated responsible for on-site safety and coordination within the organization.

(i) U-Won Tank Myanmar Company Limited shall submit to the Myanmar Investment Commission any sublease, mortgage, transfer of shares or transfer of the business to any person during the investment period in accordance with Section 72 of the Myanmar Investment Law and Rule 191 of Myanmar Investment Rules.

(j) U-Won Tank Myanmar Company Limited shall submit an annual report in the prescribed form to the Myanmar Investment Commission within three (3) months of the end of the financial year in accordance with Rule 196 of the Myanmar Investment Rules and shall disclose a summary of the report on its website or the Myanmar Investment Commission's website.

(k) U-Won Tank Myanmar Company Limited must, during the operation period under the permit of the Myanmar Investment Commission, submit its operating report quarterly in the prescribed form in accordance with Rule 197 of the Myanmar Investment Rules.

3. U-Won Tank Myanmar Company Limited shall carry out in accordance with the laws, rules, regulations and stipulations of the relevant Union Ministries, governmental department and governmental organizations the obtaining of any licence, permit or registration as per Section 65 (d) of the Myanmar Investment Law.

4. U-Won Tank Myanmar Company Limited shall submit five (5) copies of all approvals, licences, permits and similar authorizations relevant to the initial implementation of the investment and Land Lease Agreement to the Myanmar Investment Commission.

(Thaung Tun)
Chairperson

U-Won Tank Myanmar Company Limited

cc: 1. The Office of the Union Government
2. Ministry of Home Affairs
3. Ministry of Office of the Union Government
4. Ministry of Natural Resources and Environmental Conservation
5. Ministry of Labour, Immigration and Population

6. Ministry of Industry
7. Ministry of Commerce
8. Ministry of Planning and Finance
9. Ministry of Investment and Foreign Economic Relations
10. Central Bank of Myanmar
11. Bago Region Investment Committee
12. Office of the Bago Region Government
13. Director General, Department of Environmental Conservation
14. Director General, Directorate of Labour
15. Director General, Department of Immigration
16. Director General, Directorate of Industrial Supervision and Inspection
17. Director General, Department of Trade
18. Director General, National Archives Department
19. Director General, Customs Department
20. Director General, Internal Revenue Department
21. Director General, Directorate of Investment and Company Administration
22. Bago Region Office, Directorate of Investment and Company Administration

U-Won Tank Myanmar Co., Ltd. နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု Diary

စဉ်	ဆောင်ရွက်သည့်အကြောင်းအရာ	ဆောင်ရွက်သည့် ရက်စွဲ	အကြောင်းပြန်ကြားသည့်ရက်စွဲ/ကုမ္ပဏီမှ တင်ပြသည့် ရက်စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှ အဆိုပြုချက်တင်ပြခြင်း	၃၁-၅-၂၀၁၉		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၂၃/၂၀၁၉)သို့ တင်ပြခြင်း	၈-၇-၂၀၁၉		
၃	အဆိုပြုချက်စိစစ်ရေး အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ပြန်ကြားခြင်း	၁၇-၇-၂၀၁၉		
၄	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့သဘောထားမှတ်ချက်တောင်းခံခြင်း	၄-၆-၂၀၁၉	၁၈-၆-၂၀၁၉	
၅	လုပ်ငန်းလိုအပ်ချက်အရသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံခြင်း	၁၄-၆-၂၀၁၉	၃-၇-၂၀၁၉	
၆	စက်မှုဝန်ကြီးဌာနသို့သဘောထားတောင်းခံခြင်း	၁၄-၆-၂၀၁၉	၁၅-၇-၂၀၁၉	
၇	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၁၄-၆-၂၀၁၉	၂၈-၆-၂၀၁၉	
၈	ကုမ္ပဏီမှအဆိုပြုချက်ပြန်လည်တင်ပြခြင်းနှင့် ပြင်ဆင်ချက်များပေး ပို့ခြင်း	၂-၈-၂၀၁၉		
၉	ကုမ္ပဏီသို့အဆိုပြုလွှာလက်ခံကြောင်း ပြန်ကြားခြင်း	၁၃-၈-၂၀၁၉		
	စုစုပေါင်းကြာမြင့်ရက်	ရက်ပေါင်း ၇၂		

အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု

ကုမ္ပဏီအမည် - U-Won Tank Myanmar Co., Ltd.

လုပ်ငန်းအမျိုးအစား - ခဲတံဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီ နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

PATအကြိမ်/နေ့စွဲ - ၂၃/၂၀၁၉ (၈-၇-၂၀၁၉)

စဉ်	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ရန်အချက်များ	ဆောင်ရွက်ပြီးစီးမှု ပြီး မပြီး	မှတ်ချက်
၁	လုပ်ငန်းအမျိုးအစားပြင်ဆင်တင်ပြရန်။	ပြီး	
၂	Technology Transfer Agreement နှင့် Brand အသုံးပြုခွင့်တင်ပြရန်။	ပြီး	
၃	မိခင်ကုမ္ပဏီ၏အထောက်အထား တင်ပြရန်။	ပြီး	
၄	ထုတ်လုပ်မှုနှင့်ရောင်းဈေး ပြင်ဆင်တင်ပြရန်။	ပြီး	

အကြောင်းအရာ။ ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် U-Won Tank Myanmar Company Limited မှ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလွှာ တင်ပြခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/	- U-Won Tank Myanmar Company Limited
	ရင်းနှီးမြှုပ်နှံသူ	- Mr. Seong Joon, Park
	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်	- ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - U-Won INC. (ကိုရီးယား) ၁၀၀ %
	လုပ်ငန်းအမျိုးအစား	- ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ်-၃၇၊ ပြည်တွင်းစက်မှုဇုန်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃။	မြေပိုင်ရှင်	- The One International Limited
	မြေ/အဆောက်အဦအကျယ်အဝန်း	- စုစုပေါင်းမြေဧရိယာ ၄.၅၀ ဧကအနက်မှ ၂ ဧက (၈၀၉၃.၇၂ စတုရန်းမီတာ)
	နှစ်စဉ်မြေငှားရမ်းခ	- အမေရိကန်ဒေါ်လာ ၄၂,၀၀၀
	မြေငှားရမ်းအသုံးပြုခွင့်သက်တမ်း	- ကနဦး ၁၀ နှစ်နှင့် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း	- ကနဦး ၁၀ နှစ်နှင့် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး
၅။	တည်ဆောက်မှုကာလ/ပြင်ဆင်မှုကာလ	- ၁ နှစ်
၆။	စုစုပေါင်းမတည်ငွေရင်းပမာဏ	အမေရိကန်ဒေါ်လာ ၁.၂၆၅သန်း

	ထည့်ဝင်သည့်အမျိုးအစား	- US$(သန်း)
	ငွေသား	၀.၅၀၀
	စက်နှင့်စက်ပစ္စည်း(ပြည်ပ)	၀.၄၂၄
	ရုံးအသုံးဆောင်ပစ္စည်း(ပြည်တွင်း)	၀.၂၄၁
	အဆောက်အဦတန်ဖိုး	၀.၁၀၀
	စုစုပေါင်း	**၁.၂၆၅**
၇။	ရောင်းချမည့်နည်းစနစ်	**- ၁၀၀% ပြည်တွင်း**
၈။	ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်း (ပထမနှစ်)	အရေအတွက် / ရောင်းဈေးနှုန်း(ကျပ်ထောင်ပေါင်း) Double Wall Tank (20,000 Liter)(Unit): ၃၀၀ / ၁၀,၂၉၈ Tank Accessories(Set): ၁၀၀ / ၁,၅၂၀ Other-Pipe Fitting & Accessories(Pcs): ၁၀၀ / ၇၆၀
၉။	အခြားတင်ပြချက်	ပြည်တွင်း(kyat) / ပြည်ပ(USD) **ဝန်ထမ်းဦးရေ**: ၁၂၀ / ၁၉ **အမြင့်ဆုံးလစာ**: ၃၀၀,၀၀၀ / ၉၀၀ **အနိမ့်ဆုံးလစာ**: ၁၈၀,၀၀၀ / ၄၀၀ - U-Won Tank Myanmar Company Limited ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-120002872 နှင့် ငွေကြေးအထောက်အထားအဖြစ် Industrial Bank of Korea တွင် ၂၄-၅-၂၀၁၉ ရက်စွဲဖြင့် ကိုရီးယားဝမ် ၂၁၂၁၂၁၂၁၉ (အမေရိကန်ဒေါ်လာ ၁၇၈,၉၂၉.၇၅) ရှိကြောင်းအထောက်အထားကိုလည်း တင်ပြထားပါသည်။ - ထုတ်လုပ်မည့် ကုန်ပစ္စည်းနမူနာများနှင့် ကုန်ချောနမူနာများ တင်ပြထားပါသည်။ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်၊ ဝန်ထမ်းသက်သာချောင်ချိရေးအစီ အစဉ်၊ Corporate Social Responsibility (CSR) အတွက် ဆောင်ရွက် မည့်အစီအစဉ်နှင့် မီးဘေးကာကွယ်ရေးစီမံ ချက်များ

		တင်ပြထားပါသည်။
၁၀။	စိစစ်တင်ပြချက်	- အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမြှင့်တင်မည့် ကဏ္ဍတွင် ပါဝင်ပြီး ISIC Code. 2510 တွင် အကျုံးဝင်ပါသည်။ - စက်ပစ္စည်း (Brand New) များကို ကိုရီးယားနိုင်ငံမှ တင်သွင်းမည်ဖြစ်ပါသည်။ - ထုတ်လုပ်မည့် ကုန်ချောပစ္စည်းများကို ပြည်တွင်း၌ ၁၀၀% ရောင်းချမည်ဖြစ်ပါသည်။ - **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ** ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်ကိုက်ညီပါက လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိကြောင်း** သဘောထားပြန်ကြားထားပါသည်။ - **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ** တင်ပြထားသည့် စက်ပစ္စည်း နှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကုန်သွယ်မှုရုံးထောင်မှ **ကန့်ကွက်ရန်မရှိကြောင်း** သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ - **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ** ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (Environmental Impact Assessment-EIA) နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ် ထုံးလုပ်နည်းပါအချက်အလက်များနှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန် သဘောထားပြန် ကြားထားပါသည်။ - **စက်မှုဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းအတွက် တင်သွင်းမည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများသည် လုပ်ငန်းသဘာဝ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့နှင့် **ကိုက်ညီမှုရှိပါကြောင်း** သဘောထားပြန်ကြားထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက- ၃/ခ-၀၅၃/၂၀၁၉(၁၃၅)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၇ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်U-Won Tank Myanmar Company Limited မှ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ ကိုရီးယားသမ္မတနိုင်ငံ U-Won INC မှ ရခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် U-Won Tank Myanmar Company Limited တည်ထောင်ကာ မြေကွက်အမှတ်-၃၇၊ ပြည်တွင်းစက်မှုဇုန်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေရိယာ ၄.၅၀ ဧက အနက်မှ ၂ ဧက (၈,၀၉၃.၇၂ စတုရန်းမီတာ)တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ The One International Limited နှင့် U-Won Tank Myanmar Company Limited တို့ အကြားချုပ်ဆိုမည့် မြေငှားစာချုပ်မူကြမ်း၊ မြေဆိုင်ရာအထောက်အထားများ နှင့် ထုတ်လုပ်မှုပစ္စည်းနမူနာဓာတ်ပုံများအား ပူးတွဲတင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ကနဦး ၁၀ နှစ်နှင့် ၁၀ နှစ် ၂ ကြိမ် သက်တမ်းတိုးမည်ဖြစ်ပါသည်။ စုစုပေါင်းမြေရိယာ ၄.၅၀ ဧကအနက်မှ ၂ ဧက (၈၀၉၃.၇၂ စတု ရန်းမီတာ) အား ငှားရမ်း၍ နှစ်စဉ် မြေငှားရမ်းခမှာ အမေရိကန်ဒေါ်လာ ၄၂၀၀၀ ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၁၀ နှစ်နှင့် ၁၀ နှစ် ၂ ကြိမ် သက်တမ်းတိုးဖြစ်ပြီး တည်ဆောက်ရေးကာလမှာ ၁ နှစ် ကြာမြင့် မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၂၆၅ သန်း ဖြစ်ပါသည်။ မတည်ငွေရင်း ထည့်ဝင်မှုများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

	US$ သန်း
ငွေသား	၀.၅၀၀
စက်နှင့်စက်ပစ္စည်း(ပြည်ပ)	၀.၄၂၄
ရုံးအသုံးဆောင်ပစ္စည်း(ပြည်တွင်း)	၀.၂၄၁
အဆောက်အဦတန်ဖိုး	၀.၁၀၀
စုစုပေါင်း	**၁.၂၆၅**

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း ၁၂၀ ဦးနှင့် ပြည်ပဝန်ထမ်း ၁၉ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၈၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ ၄၀၀ နှင့် အမြင့်ဆုံးလစာမှာ အမေရိကန်ဒေါ်လာ ၉၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှထွက်ရှိသော ဆီတိုင်ကီနှင့်ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ၁၀၀% ရောင်းချမည်ဖြစ်ပြီး ထုတ်လုပ်မှုအရေအတွက်နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးအစား	**အရေအတွက်**	**ရောင်းဈေးနှုန်း (ကျပ်ထောင်ပေါင်း)**
Double Wall Tank(20,000 Liter)(Unit)	၃၀၀	၁၀,၂၉၈
Tank Accessories(Set)	၁၀၀	၁,၅၂၀
Other-Pipe Fitting & Accessories(Pcs)	၁၀၀	၇၆၀

၈။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်-

(က) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ** ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီပါက လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိကြောင်း**သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-(က)**

(ခ) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**မှ တင်ပြထားသည့် စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ

ဆောင်ရွက်မည်ဆိုပါက ကုန်သွယ်မှုရှုထောင့်မှ **ကန့်ကွက်ရန်မရှိကြောင်း** သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ခ)**

(ဂ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့**မှပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း(Environmental Impact Assessment–EIA) နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan–EMP) အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့် အညီအစီရင်ခံစာ ရေးသားတင်ပြရန် သဘောထားပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြထားပါသည်။ နောက်ဆက်တွဲ(ဂ)**

(ဃ) **စက်မှုဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းအတွက် တင်သွင်းမည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများသည် လုပ်ငန်းသဘာဝ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့နှင့် ကိုက်ညီမှုရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ နောက်ဆက်တွဲ(ဃ)**

၉။ U–Won Tank Myanmar Company Limited ၏ ကုမ္ပဏီမှတ်ပုံ တင်လက်မှတ်အမှတ်–120002872 နှင့် ငွေကြေးအထောက်အထား အဖြစ် Industrial Bank of Korea တွင် ၂၄–၅–၂၀၁၉ ရက်စွဲဖြင့် ကိုရီးယားဝမ် ၂၁၂,၂၁၂,၂၁၉ (အမေရိကန်ဒေါ်လာ ၁၇၈,၉၂၉.၇၅) ရှိကြောင်းအထောက်အထားကိုလည်း တင်ပြထားပါသည်။

စိစစ်တင်ပြချက်

၁၀။ အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည်–

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၃၆ (ဂ) အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့်ဥပဒေရေးရာဌာနခွဲမှ ကော်မရှင် ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက် (မူကြမ်း) အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

(ဂ) Corporate Social Responsibility (CSR) အစီအစဉ်၊ မီးဘေးကြိုတင် ကာကွယ်မှု အစီအစဉ်တို့ကိုလည်း တင်ပြထားပါသည်။

(ဃ) အဆိုပြုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ပါဝင်ပြီး သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ဆုံးဖြတ်ရန်အချက်

၁၁။ ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် U-Won Tank Myanmar Company Limited မှ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ( )
(သန့်စင်လွင်၊ ခေတ္တအတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

DDG2_21
21/6/19

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

နောက်ဆက်တွဲ-က

စာအမှတ်၊ MOEE-၂/(၁၅)/ (U-Won INC-၂) /(၉၇၇၃)/၂၀၁၉
ရက်စွဲ ၂၀၁၉ ခုနှစ် ၊ ဇွန် လ ၁၈ ရက်

NPT-2665
20.6.19

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M.589
21/6/19

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၄-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မကရ- ၃/ န-ထွေ / ၂၀၁၉ (၂၄၈)
၀၇၈

၁။ ကိုရီးယားသမ္မတနိုင်ငံတွင် ဖွဲ့စည်းထားသော U-Won INC မှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် U-Won Tank Myanmar Company Limited တည်ထောင်ကာ မြေကွက်အမှတ်-၃၇၊ အထူးစက်မှုဇုန်၊ ညောင်အင်းကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေဧရိယာ ၄.၅၀ ဧကအနက်မှ ၂ ဧက (၈,၀၉၃.၇၂ စတုရန်းမီတာ)တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ သိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့်ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀ အရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ထည့်သွင်း သိုလှောင်သည့် သိုလှောင်ကန်များအတွက် သိုလှောင်ခွင့်လိုင်စင်ကိုထုတ်ပေးခြင်းနှင့် သိုလှောင်ကန် များ၏ စံချိန်စံညွှန်းအရည်အသွေးနှင့် သက်ဆိုင်သည့်လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

အမြဲတမ်းအတွင်းဝန်(ကိုယ်စား)

(ငွေးအောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

ရုံးလက်ခံ/မျှောစာတွဲ

NPT-2835
2.7.19

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

နောက်ဆက်တွဲ-ခ

စာအမှတ် ၊ စက - ၁၄/ ၄ - ၁၂ / ၂၀၁၉ (၄၂)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၂၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

ဂ.643
4/7/19

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားပေးပို့ခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄ - ၆ - ၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက - ၃/ အ - ၆၅/ ၂၀၁၉ (၀၃၇)

၁။ ကိုရီးယားသမ္မတနိုင်ငံ U-Won INC မှ ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် U-Won Tank Myanmar Company Limited တည်ထောင်ကာ မြေကွက်အမှတ်-၃၇၊အထူးစက်မှုဇုန်၊ ညောင်အင်းကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေဧရိယာ ၄.၅၀ ဧက အနက်မှ ၂ ဧက (၈,၀၉၃.၇၂ စတုရန်းမီတာ) တွင် ဓာတ်ဆီ၊ ဒီဇယ် ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန်တင်ပြထားမှုအပေါ် လုပ်ငန်းအတွက်တင်ပြထားသည့် စက်ပစ္စည်းနှင့် ကုန်ကြမ်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်အားပြန်ကြားပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့်သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြထားသည့် စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကုန်သွယ်မှုရှုထောင့်မှ ကန့်ကွက်ရန်မရှိသဘောတူညီပါကြောင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တင်ပို့/တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လာပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ( )
(အောင်စိုး ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

နောက်ဆက်တွဲ-ဂ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ MIC (OSS) / ၀၁(၄၇/၁၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **U-Won Tank Myanmar Company Limited မှ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန်ကိစ္စနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

M.638
3/7/19

ရည် ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက-၃ / အ-၆၅/၂၀၁၉ (၀၃၆)

၁။ ကိုရီးယားသမ္မတနိုင်ငံ U-Won INC မှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် U-Won Tank Myanmar Company Limited တည်ထောင်ကာ မြေကွက်အမှတ်- ၃၇၊ အထူးစက်မှုဇုန်၊ ညောင်အင်းကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေဧရိယာ ၄.၅၀ ဧက အနက်မှ ၂ ဧက (၈,၀၉၃.၇၂ စတုရန်းမီတာ)တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါသည် -

(က) ပေးပို့လာသော အဆိုပြုလွှာတွင် ကနဦးရင်းနှီးမြှုပ်နှံမှု ကာလမှာ (၁၀) နှစ်ဖြစ်ပြီး၊ သက်တမ်းတိုး (၁၀) နှစ် (၂) ကြိမ်ဆောင်ရွက်မည် ဖြစ်ကာ၊ တည်ဆောက်ရေးကာလမှာ (၁) နှစ် ဖြစ်ကြောင်း၊

(ခ) အဆိုပြုလုပ်ငန်းအားမြေ (၈,၀၉၃.၇၂ စတုရန်းမီတာ) တွင် တည်ဆောက်ပြီးဖြစ်သည့်အဆောက်အဦအား ပြုပြင်မွမ်းမံ၍ လိုအပ်သည့်အဆောက်အဦများ ထပ်မံတည်ဆောက်ကာလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ဂ) အဆိုပြုလုပ်ငန်းမှ ထုတ်လုပ်မှုအနေဖြင့် ပထမနှစ်တွင် Double Wall Tank (၃၀၀)၊ Tank Accessories (၁၀၀) နှင့် Other (၁၀၀) ထုတ်လုပ်မည် ဖြစ်ကာနှစ် (၃၀) အတွင်း Double Wall Tank (၁၁၀၀)၊ Tank Accessories (၆၅၀) နှင့် Other (၆၅၀) ထိတိုးမြှင့်ထုတ်လုပ်ကာ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ဃ) အဆိုပြုလုပ်ငန်းမှ ရေသုံးစွဲမှုအနေဖြင့် ပထမနှစ်တွင် (၅၅၀၀m^3) နှင့် နှစ် (၃၀) အတွင်း (၁၃,၀၂၈m^3) အထိ တိုးမြှင့်သုံးစွဲသွားမည် ဖြစ်ကြောင်း၊

(င) ဝန်ထမ်းများ သက်သာချောင်ချိရေးအစီအစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်းထားရှိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(စ) လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%) ကိုလူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည် ဖြစ်ကြောင်း၊

(ဆ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/ လုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်-

(က) U-Won Tank Myanmar Company Limited မှ ဓာတ်ဆီ၊ ဒီဇယ်ဆီသို လှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အဆောက်အဦများတည်ဆောက်ရာ၌ မြေပြုပြင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာမည့်ဖုန်မှုန့်များ၊ တုန်ခါမှုများ၊ လုပ်ငန်းသုံးယာဉ်/ ယန္တရားများမှ ထွက်ရှိလာမည့် စက်ဆီ၊ချောဆီ၊ အခိုးအငွေ့များကြောင့် အနီးပတ်ဝန်းကျင်ရှိ လေထု၊ မြေထုနှင့် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊

(ခ) တည်ဆောက်လုပ်ငန်းသုံး ယာဉ်ယန္တယားများနှင့် စက်ပစ္စည်းများမှ ထွက်ရှိလာမည့် စက်ဆီ၊ ချောဆီနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ရှိမြေထု၊ ရေထုနှင့် လေထုညစ်ညမ်းခြင်း၊

(ဂ) အလုပ်သမားများ၏ စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊

(ဃ) လုပ်ငန်းလည်ပတ်ရာတွင် လိုအပ်သည့် ရေအားစနစ်တကျ ထုတ်ယူသုံးစွဲမှုမရှိခြင်းကြောင့် မြေအောက်ရေ အရည်အသွေးနှင့် မျက်နှာပြင် နိမ့်ကျခြင်း၊

(င) အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများသည် ဆွေးမြေ့ပျက်စီးရန် အချိန်ကြာမြင့်ခြင်း၊ ဆေးမှုတ်ရာတွင် အသုံးပြုမည့် ဓာတုပစ္စည်းများမှ အလွန်သေးငယ်သည့် အမှုန်အမွှားများ ထွက်ရှိမည့်အပြင် စက်ရုံလည်ပတ်ခြင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန် မိုနောက်ဆိုဒ် အစရှိသည့် ဓါတ်ငွေ့များ ထုတ်လွှတ်အခိုးအငွေ့များ ထွက်ရှိခြင်းကြောင့် လေထုညစ်ညမ်းခြင်းနှင့် စက်ရုံတွင်း ဝန်ထမ်းများ၏ အဆုတ်နှင့် အသက်ရှုလမ်းကြောင်းများ ထိခိုက်နိုင်ခြင်း၊ စက်ရုံမှ ထွက်ရှိလာသော စွန့်ပစ်အစိုင်အခဲနှင့် စွန့်ပစ်အရည်များအား သန့်စင်မှု မပြုလုပ်ဘဲ မြစ်၊ ချောင်း၊ အင်းအိုင်များအတွင်းသို့ တိုက်ရိုက် စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုပြဿနာများ ဖြစ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ U-Won Tank Myanmar Company Limited မှ ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည် -

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင် အမြတ်ငွေ၏ (၂%) ကိုအသုံးပြုခြင်း အပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)** ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၄၉)၊ (၆၃) နှင့်အညီ ပြုစု ဆောင်ရွက်ရန်၊

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄၅၊ ၄၆ တို့အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း **(EnvironmentalImpact Assessment-EIA)** မစတင်မီအဆိုပါလုပ်ငန်းကိုဆောင်ရွက်မည့်တတိယပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက် ရယူရန်၊

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄၇ မှ အပိုဒ် ၅၄ ထိ ဖော်ပြချက်အရ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များကို လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည့် လုပ်ငန်းတစ်ခုချင်းအလိုက် လေ့လာဆန်းစစ်ပြုစု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူရန်၊

(င) အတည်ပြုပြီးသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာပါ အချက်များအပေါ်အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၆၃) ပါအချက်များနှင့်အညီ **ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)** ကို ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ရေးဆွဲတင်ပြရန်၊

(စ) အထက်ပါ လေ့လာဆန်းစစ်မှု ရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက်သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (En-

vironmental Management Plan-EMP) ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဆ) ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့်ပုံစံများ ဖြည့်စွက်၍ တစ်ပါတည်းတင်ပြရန်၊

(ဇ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူ ဆောင်ရွက်ရန်၊

2/7/18.

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်(ပတ်ဝန်းကျင်)
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
ရုံးလက်ခံ

နောက်ဆက်တွဲ-ဃ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၁၅- စမ(၂) ၂၀၁၈-၂၀၁၉(၃၄၅၇)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄.၆.၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက - ၃ / အ - ၆၅ / ၂၀၁၉ (၀၃၈)

၁။ U– Won Tank Myanmar Company Limited. မှ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ အထူးစက်မှုဇုန်၊ မြေကွက်အမှတ်(၃၇)ရှိ မြေဧရိယာ(၄.၅၀)ကေအနက်မှ (၂)ကေတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် လုပ်ငန်းအတွက် တင်သွင်းမည့် စက်ပစ္စည်းများသည် လုပ်ငန်းသဘာဝ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့နှင့် ကိုက်ညီခြင်းရှိ/ မရှိ၊ ကုန်ကြမ်းပစ္စည်းများသည် လုပ်ငန်းနှင့်သင့်လျော်မှုရှိ/မရှိစသည့် အချက်များအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းခဲ့ပါသည်။

၂။ အဆိုပါ ကုမ္ပဏီမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) စက်ပစ္စည်းတန်ဖိုးများမှာ အနီးစပ်ဆုံး မှန်ကန်မှုရှိပြီး Welding နှင့် ဆက်စပ်ပစ္စည်း(၇၉)မျိုးနှင့် သံပြား၊ ပိုက်၊ ဘို့နပ်စသည့် ပစ္စည်း(၇)မျိုးတို့အား ကိုရီးယားနိုင်ငံမှ တင်သွင်းမည် ဖြစ်ပါသည်။

(ခ) Steel Plate, End Plate နှင့် ဆက်စပ်ပစ္စည်းများအား တင်သွင်းပြီး Fabricate လုပ်မည် ဖြစ်ပါသည်။

(ဂ) တင်သွင်းမည့် Steel Plate များသည် Industry နှင့် Construction လုပ်ငန်းများတွင် အသုံးများသည့် Grade ASTM A – 36 (Hot – rolled Steel)ရှိ Steel များ ဖြစ်ပါသည်။

(ဃ) အသုံးပြုမည့်စက်ပစ္စည်းနှင့် ကုန်ကြမ်းများမှာ Flammable Storage Tank တည်ဆောက်ရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(င) မီးလောင်လွယ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့် တိုင်ကီများ ထုတ်လုပ်မည်ဖြစ်၍ အသုံးပြုမည့် Material အမျိုးအစားနှင့် Accessories များ၊ သံပြားများအား ဆီတိုင်ကီပုံစံ တည်ဆောက်ရန် တွဲဆက်ခြင်းနှင့် ဂဟေဆက်ခြင်းများ (Welding and Fabrication Accuracy)၊ ဆီတိုင်ကီ၏ အတွင်း / အပြင်တို့တွင် သံချေးတက်ခြင်းမှ ကာကွယ်ခြင်းများ (Anti – Corrosion Resistant Coating)၊ ဆီသိုလှောင်ထားစဉ်တွင်ဖြစ်ပေါ်မည့် ဖိအားသက်ရောက်မှုများ (Pressure Impact)နှင့် ဆီယိုစိမ့်မှုမဖြစ်စေရန်၊ ကိုင်တွယ်အသုံးပြုမည့် လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများသည် (Explosion Proof Type)ဖြစ်ရန်နှင့် အရည်အသွေးပြည့်မီရန် လိုအပ်မည် ဖြစ်ပါသည်။

(စ) Korea နိုင်ငံရှိ မူရင်းကုမ္ပဏီဖြစ်သော U –Won,Inc Co.,Ltd. အနေဖြင့် Double Wall Tank ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ Korea Fire Institute (KFI)၏ အသိအမှတ်ပြုလက်မှတ်များ ရရှိထားပြီး စပ်းသပ်စစ်ဆေးမှုများအား Korea နိုင်ငံတွင်းရှိ နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းများဖြစ်သော Korea Testing & Research Institute (KTR)၊ Hyundai Steel Co.,Ltd.တို့ဖြင့် ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

(ဆ) တင်သွင်းမည့် အမေရိကန်ဒေါ်လာ (၄၃,၈၇၉) တန်ဖိုးရှိ Spare Parts for Machinery ၏ Item (၅၇)မျိုးတွင် Storage Tank (20,000 litres) (၄)လုံးနှင့် Storage Tank (30,000 litres) (၂)လုံး၊ Iltem (၄)မျိုးသည် အမေရိကန်ဒေါ်လာ (၃၅,၆၇၄.၅၂)ဖြစ်၍ တန်ဖိုး၏ (၈၁ %)ခန့်ဖြစ်ပြီး၊ Spare Parts အနေဖြင့် တင်သွင်းမည် ဖြစ်ပါသည်။

(ဇ) လုပ်ငန်းသဘောသဘာဝအရ Welding Facilityများဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ Safety ပိုင်းဆိုင်ရာများ၊ Safety Equipment များနှင့် Employee's Health Care အတွက် စနစ်တကျ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဈ) လောင်စာဆီ သိုလှောင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်၍ ဆီယိုစိမ့်မှု အာရုံခံကိရိယာများပါဝင်ရန် လိုအပ်မည် ဖြစ်ပါသည်။

(ည) တပ်ဆင်ထုတ်လုပ်မည့် ပစ္စည်းများအား မူရင်းကုမ္ပဏီ၏ ဒီဇိုင်းနှင့်အရည်အသွေးများအတိုင်း ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ရန်နှင့် ဆီတိုင်ကီများအတွက် အာမခံသက်တမ်းပေးရန်လည်း လိုအပ်မည် ဖြစ်ပါသည်။

(ဋ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဌ) စက်ရုံတစ်ရုံတည်ဆောက်ရာတွင် သတ်မှတ်ထားသည့် လျှပ်စစ်နှင့်အခြားစက်မှုပိုင်းဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဍ) စက်ရုံအဆောက်အဦအားလုံး တည်ဆောက်ပြီးစီးပါက သက်ဆိုင်ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ရန်နှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဎ) ဓာတုပစ္စည်းများ အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေများ**အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် " **ထိန်းချုပ် ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ** " ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်။

(ဏ) လုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ရေးအတွက် အသုံးပြုနိုင်သည့်နည်းစနစ် (Waste Treatment System)ကို တစ်ပါတည်း ထည့်သွင်းတည်ဆောက်ရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးစီမံခန့်ခွဲခြင်း (Pollution Control Management) ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(တ) လုပ်ငန်းအတိုင်းအတာအလျောက် ပတ်ဝန်းကျင်နှင့် လူမှုရေးအရထိခိုက်မှုဆန်းစစ်ခြင်း (Environmental & Social Impact Assessment – ESIA) (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ညှိနှိုင်းရေးဆွဲရန် ဖြစ်ပါသည်။

(ထ) ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် လူနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် စက်ရုံအတွင်း လုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို စနစ်တကျ အစီအမံများရေးဆွဲပြီး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဒ) ရပ်ရွာလူမှုအကျိုးပြုလုပ်ငန်းများ Corporate Social Resposibility (CSR) အတွက် အသားတင်အမြတ် (Net Profit)၏ ၂ % ထည့်ဝင်မည့် အစီအမံများသည် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ သို့ပါ၍ U- Won Tank Myanmar Company Limited. မှ ဓာတ်ဆီ၊ ဒီဇယ်ဆီ သိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့် ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းမည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများသည် လုပ်ငန်းသဘာဝ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့နှင့် ကိုက်ညီမှုရှိပါကြောင်းနှင့် အထက်ဖော်ပြပါ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
မျှောစာတွဲ

PROPOSAL OF THE PROMOTER TO MAKE

100 % FOREIGN INVESTMENT IN

REPUBLIC OF THE UNION OF MYANMAR

SUBMITTED BY

U-WON TANK MYANMAR COMPANY LIMITED

(Manufacturing, Installation and Sales of Double Wall Tanks and Related Components.)

U-WON TANK MYANMAR COMPANY LIMITED

No.(37), Local Industrial Zone, Bago Township, Bago Region, Myanmar.

သို့/-

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (   )ရက်။

အကြောင်းအရာ ။ ။ **စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံကတိပြုတင်ပြခြင်း။**

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၅-၇-၂၀၁၉)ရက်စွဲပါ စာအမှတ်-၃/အ-၀၆၅/၂၀၁၉(၁၀၇-က)။

၁။ ကျွန်တော်များ **" U-WON TANK MYANMAR COMPANY LIMITED "** သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ အထူးစက်မှုဇုံ၊ မြေကွက်အမှတ်-(၃၇)အရ မြေဧရိယာ-(၄. ၅၀)ဧကအနက်မှ မြေဧရိယာ-၂. ၀ဧက (၈၀၉၃. ၇၂စတုရန်းမီတာ)ရှိ မြေကွက်တွင် ဓါတ်ဆီ၊ ဒီဇယ်ဆီ သိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (Manufacturing, Installation and Sales of Double Wall Tanks and Related Components)လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြထားပါသည်။

၂။ ထိုသို့ အဆိုပြုတင်ပြရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ညွှန်းချက်ပါစာအရ စက်မှုဝန်ကြီးဌာနမှ သဘောထားမှတ်ချက်ပြန်ကြားခဲ့သည့်အပေါ် ကုမ္ပဏီသည် -

(က) အသုံးပြုမည့်စက်ပစ္စည်းနှင့်ကုန်ကြမ်းများမှာ Flammable Storage Tank တည်ဆောက်မည်ဖြစ်ပါသည်။

(ခ) မီးလောင်လွယ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီသိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီများထုတ်လုပ်မည်ဖြစ်၍ အသုံးပြုမည့် Material အမျိုးအစားနှင့် Accessories များ၊ သံပြားများအား ဆီတိုင်ကီပုံစံတည်ဆောက်ရန်တွဲဆက်ခြင်းနှင့် ဂဟေဆက်ခြင်းများ (Welding and Fabrication Accuracy)၊ ဆီတိုင်ကီ၏ အတွင်း/အပြင်တို့တွင် သံချေးတက်ခြင်းမှ ကာကွယ်ခြင်းများ (Anti-Corrosion Resistant Coating)၊ ဆီသိုလှောင်ထားစဉ်တွင် ဖြစ်ပေါ်မည့်ဖိအားသက်ရောက်မှုများ (Pressure Impact)နှင့်ဆီယိုစိမ့်မှု မဖြစ်ပေါ်စေရန်၊ ကိုင်တွယ်အသုံးပြုမည့်လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများသည် (Explosion Proof Type) ဖြစ်ရန်နှင့် အရည်အသွေးပြည့်မီရန် တာဝန်ယူမည်ဖြစ်ပါသည်။

(ဂ) လုပ်ငန်းသဘောသဘာဝအရ Welding Facility များဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ Safety ပိုင်းဆိုင်ရာများ၊ Safety Equipment များနှင့် Employee's Health Care အတွက် စနစ်တကျ ဆောင်ရွက်မည်ဖြစ်ပါသည်။

U-WON TANK MYANMAR COMPANY LIMITED

No.(37), Local Industrial Zone, Bago Township, Bago Region, Myanmar.

(ယ) လောင်စာဆီသိုလှောင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်၍ ဆီယိုစိမ့်မှုအာရုံခံကိရိယာများ ပါဝင်မည်ဖြစ်ပါသည်။

(ဃ) တပ်ဆင်ထုတ်လုပ်မည့်ပစ္စည်းများအား မူရင်းကုမ္ပဏီ၏ ဒီဇိုင်းနှင့်အရည်အသွေးများအတိုင်း ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး၊ ဆီတိုင်ကီများအတွက် အာမခံသက်တမ်းပေးမည်ဖြစ်ပါသည်။

(စ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်မည်ဖြစ်ပါသည်။

(ဆ) ဓာတုပစ္စည်းများအသုံးပြုရာတွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့်ပြည်ထဲရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများပါပြဋ္ဌာန်းချက်များကိုလိုက်နာမည်ဖြစ်ပါသည်။

(ဇ) လုပ်ငန်းမှထွက်ရှိသောစွန့်ပစ်ပစ္စည်းများထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာစွန့်ပစ်ရေးအတွက် အသုံးပြုနိုင်သည့် နည်းစနစ် (Waste Treatment System)ကို တစ်ပါတည်းထည့်သွင်းတည်ဆောက်မည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးစီမံခန့်ခွဲခြင်း (Pollution Control Management)ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ကျွန်တော်များ **U-WON TANK MYANMAR COMPANY LIMITED** သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ အထူးစက်မှုဇုံ၊ မြေကွက်အမှတ်-(၃၇)အရ မြေဧရိယာ-(၄. ၅၀)ဧကအနက်မှ မြေဧရိယာ-၂. ၀ဧက (၈၀၉၃. ၇၂စတုရန်းမီတာ)ရှိ မြေကွက်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ သိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် သွယ်တန်းသည့်ဆပ်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဝန်ခံကတိပြုတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

MR. SEONG JOON, PARK
Promoter
U-WON TANK MYANMAR CO., LTD

U-WON TANK MYANMAR COMPANY LIMITED

No.(37), Local Industrial Zone, Bago Township, Bago Region, Myanmar.

သို့/-

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (   )ရက်။

အကြောင်းအရာ ။ ။ **ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၏ သဘောထားမှတ်ချက်အပေါ် ရှင်းလင်းတင်ပြခြင်း။**

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄-၇-၂၀၁၉)ရက်စွဲပါ စာအမှတ်-မရက-၃/အ-၀၆၅/၂၀၁၉(၀၅၃)။

၁။ ကျွန်တော်များ **" U-WON TANK MYANMAR COMPANY LIMITED "** သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ အထူးစက်မှုဇုံ၊ မြေကွက်အမှတ်-(၃၇)အရ မြေဧရိယာ-(၄. ၅၀)ဧကအနက်မှ မြေဧရိယာ-၂. ၀ဧက (၈၀၉၃. ၇၂စတုရန်းမီတာ)ရှိ မြေကွက်တွင် ဓါတ်ဆီ၊ ဒီဇယ်ဆီ သိုလှောင်သည့် နှစ်ခန်းကန့်တိုင်ကီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (Manufacturing, Installation and Sales of Double Wall Tanks and Related Components)လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြထားပါသည်။

၂။ ထိုသို့ အဆိုပြုတင်ပြရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ညွှန်းချက်ပါစာအရ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့မှ သဘောထားမှတ်ချက်ပြန်ကြားခဲ့သည့်အပေါ် ကုမ္ပဏီသည် -

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုမည်ဖြစ်ပြီး၊ အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR)အတွက် အသားတင်အမြတ်ငွေ၏ ၂%ကို အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အညီပြုစုဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း (Environmental Impact Assessment-EIA)မစတင်မီ အဆိုပါလုပ်ငန်းကိုဆောင်ရွက်မည့်အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ရယူမည်ဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအရ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာနှင့် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များကို လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်သွားမည့် လုပ်ငန်းတစ်ခုချင်းအလိုက် လေ့လာဆန်းစစ်ပြုစု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ပါသည်။

(င) အတည်ပြုပြီးသော နယ်ပယ်အတိုင်းတာသတ်မှတ်ချက်ခြင်းအစီရင်ခံစာပါ အချက်များအပေါ်အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)ကို ဆောင်ရွက်ပြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ရေးဆွဲတင်ပြမည်ဖြစ်ပါသည်။

(စ) အဆိုပါလေ့လာဆန်းစစ်ရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည့်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြမည်ဖြစ်ပြီး၊ စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဆ) ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့်လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တင်ပြရမည့်အစီအစဉ်အလိုက်လိုအပ်သည့်ပုံစံများဖြည့်စွက်တင်ပြမည်ဖြစ်ပါသည်။

U-WON TANK MYANMAR COMPANY LIMITED

No.(37), Local Industrial Zone, Bago Township, Bago Region, Myanmar.

၃။ ကုမ္ပဏီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၏သဘောထားမှတ်ချက်ကို သိရှိလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)ကို ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လေ့လာဆန်းစစ်မှုရလဒ်များကိုအခြေခံ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)အစီရင်ခံစာကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

MR. SEONG JOON, PARK
Promoter
U-WON TANK MYANMAR CO., LTD

U-WON TANK MYANMAR COMPANY LIMITED

No.(37), Local Industrial Zone, Bago Township, Bago Region,Myanmar.

To

The Chairman
Myanmar Investment Commission
The Republic of the Union of Myanmar
Yangon Region.

Date : : ,July' 2019.

Subject : : **Submission of the proposal to Yangon Region Investment Committee**

We have a great pleasure to inform you that U-WON TANK MYANMAR COMPANY LIMITED will be incorporated under the Republic of the Union of Myanmar Investment Law in accordance with the Myanmar Companies Act.

We would like to apply MIC Permit for U-WON TANK MYANMAR COMPANY LIMITED which will be rented with building in No.(37), Local Industrial Zone, Bago Township, Bago Region, Myanmar for Manufacturing, Installation and Sales of Double Wall Tanks and Related Components.

Yours Faithfully,

MR. SEONG JOON, PARK
Promoter
U-WON TANK MYANMAR
COMPANY LIMITED

U-WON TANK MYANMAR COMPANY LIMITED

No.(37), Local Industrial Zone, Bago Township, Bago Region,Myanmar.

To

The Chairman
Myanmar Investment Commission
The Republic of the Union of Myanmar
Yangon Region.

Date : : , July' 2019.

Subject : : **Application for issue of Permit for 100% Foreign Investment Company in the Republic of the Union of Myanmar.**

Dear Sir,

1. We have the pleasure and honor to inform you that a Foreign Company of 100% Foreign Investment Company by the name of U-WON TANK MYANMAR COMPANY LIMITED desires to obtain an " Investment Permit " under the Myanmar Investment Law and in accordance wtih Myanmar Companies Act and to have share holdings of 100% contributed by U-WON INC COMPANY LIMITED to Manufacturing, Installation and Sales of Double Wall Tanks and Related Components.

2. In accordance with Republic of the Union of Myanmar Investment Law,U-WON TANK MYANMAR COMPANY LIMITED is now applying for issue of Permit under Section 25(c) of Republic of the Union of Myanmar, Myanmar Investment Law.

3. We propose that the 100% Foreign Investment Company lease the land and building from **Daw Naw Hser Eh Moo(12/AhSaNa(Naing)027134)** other fixed assets such as machine and spares parts to be purchased from local and abroad, as well as the Company will apply leading local and foreign technicians and qualified staff who will collaborate with foreign experts.

4. At the same time, in accordance with the basic principles of Myanmar Investment Law, U-WON TANK MYANMAR COMPANY LIMITED put up this application for tax exemption.

5. The U-WON TANK MYANMAR COMPANY LIMITED in its Memorandum of Association contains an objective to establish Manufacturing, Installation and Sales of Double Wall Tanks and Related Accessories With the objectives in view, we hereby present the proposal to operate the business of Manufacturing, Installation and Sales of Double Wall Tanks and Related Accessories in No.(37), Local Industrial Zone, Bago Township, Bago Region, Myanmar which is leased from **Daw Naw Hser Eh Moo(12/AhSaNa(Naing)027134),** we have made a detailed account of our on realistic and factual forecasts and studies.

6. For the purpose of above application, we submit herewith the Proposal of the Promoter to make Foreign Investment in the Republic of the Union of Myanmar, together with relevant supporting documents which are required for issue of Permit from the Myanmar Investment Commission (MIC) for the MIC's consideration.
   (a) Proposal of the promoter to make Foreign Investment in Republic of the Union of Myanmar.
   (b) Lease Agreement (draft).
   (c) Investment Proposal & Attachments.
   (d) References for Business and Financial Standing.
   (e) Memorandum of Association and Articles of Association (draft).

7. We trust the above would meet your requirements and we hope that the Myanmar Investment Commission will give favorable consideration to our application as well as grant us the Investment Permit. We shall be most grateful if the Myanmar Investment Commission could kindly grant us the following exemptions or relief from taxation in allowed as per Section 74 of Republic of the Union of Myanmar, Myanmar Investment Law.
